ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

---

# ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

**၁၃၂၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်။**

**(၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်။)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေ။

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

## နိဒါန်း။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ မြန်မာ့ ဆိုရှယ် လစ်လမ်းစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စီးပွါးရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးစံနစ်များကို တည်ဆောက်လျက်ရှိရာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခြေခံပညာရေးစံနစ်သည်၊ ယင်းသို့တည်ဆောက်နေသော ဆိုရှယ်လစ်စီးပွါးရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးတို့ကို ခိုင်မြဲတိုးတက်မြင့်မားလာအောင် အထောက်အကူပြုသည့် စံနစ်သာဖြစ်ရန် လိုအပ်သောကြောင့်၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

**အမည်၊ အာဏာတည်သည့် နေ့ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်။**

၁။ ။(၁) ဤဥပဒေကို ၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပညာရေးတက္ကသိုလ်မှ ပညာရေးဘွဲ့၊ သို့မဟုတ် ဒီပလိုမာ ဆရာအတတ်သင်တန်း မဟုတ်သည့် အခြေခံပညာကိုသင်ကြားပေးရမည့် ဆရာအတတ်သင်တန်းပေးရေး၊ အခြေခံပညာကို သင်ကြားပေးသော ဆရာများ၏ ပညာအရည်အချင်း သတ်မှတ်ရေး၊ မှတ်ပုံတင်ရေး၊ ဆရာ့အလုပ် ကျင့်ဝတ်သိက္ခာကို ထိန်းသိမ်းစောင့်စည်းပေးရေးတို့နှင့် အကျုံးဝင်စေရမည်။

(၃) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် အစိုးရက အမိန့်ကြော်ငြာဖြင့် သတ်မှတ်သောနေ့ရက်၌ စတင်အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါအတိုင်းအဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''အခြေခံပညာရေးကောင်စီ''ဆိုသည်မှာ၊ ပုဒ်မ ၅ (၁) အရ ဖွဲ့စည်းသည့်ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံပညာရေးကောင်စီကို ဆိုလိုသည်။

(ခ) ''သင်ရိုးညွှန်းတမ်း''ဆိုသည်မှာ၊ဤဥပဒေအရပြဋ္ဌာန်းထားသည့် ပညာရေး ရည်မှန်းချက်များ ရရှိရန်ရည်ရွယ်၍ ကျောင်းတွင်း ကျောင်းပြင်သင်ကြားလေ့ကျင့်ပေးသည့်ကျောင်းသင်ဘာသာရပ်များနှင့် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို စုပေါင်းဆိုလိုခြင်းဖြစ်သည်။

(ဂ) ''သင်ရိုးမာတိကာ'' ဆိုသည်မှာ၊ ကျောင်းသင်ဘာသာရပ် တခုစီအတွက်ရင်း၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်း တခုစီအတွက်ရင်း၊ သင်ခန်းစာအသေးစိတ်အစီအစဉ်ကိုဆိုလိုသည်။

(ဃ) ''ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်း'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် ပညာရေးရည်မှန်းချက်များ ရရှိရန်၊ ကျောင်းသင်ဘာသာရပ်များ သင်ကြားပေးမှုနှင့်တွဲဖက်လျက် ကျောင်းတွင်းကျောင်းပြင်၊ ကျောင်းချိန်အတွင်း၊ ကျောင်းချိန်အပတို့၌ စနစ်တကျ သင်ကြားပေးသည့် ပညာရေးလုပ်ငန်းအစီအစဉ်တရပ်လုံးကိုဆိုလိုသည်။

(င) ''ကျောင်း''ဆိုသည်မှာ၊ အစိုးရကဖွင့်လှစ်၍၊ အစိုးရကပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအတိုင်း၊ ပညာသင်ကြားပေးရာဌာနကိုဆိုလိုသည်။

(စ) ''အခြေခံပညာ''ဆိုသည်မှာ၊ အ-သုံးလုံးပညာမှစ၍ သီးခြား အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းတွင် အသက်မွေးဝမ်းကျောင်းပညာတခုကို သင်ကြားရန် အတွက်သော်ရင်း၊ တက္ကသိုလ်တွင် ပညာဆက်လက်ဆည်းပူးရန်အတွက်သော်ရင်း၊ ပညာအခြေခံအဖြစ်အစိုးရက အခါအားလျော်စွာ သတ်မှတ်သော သာမန်ပညာကိုဆိုလိုသည်။

(ဆ) ''ဆရာ''ဆိုသည်မှာ၊ အစိုးရက အခြေခံပညာရေးအတွက် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းတွင်ပါဝင်သည့် ဘာသာရပ်များအနက် ဘာသာရပ်တခုကိုဖြစ်စေ၊ တခုထက်ပို၍ဖြစ်စေ၊ ကျောင်း၌သင်ကြားပို့ချပေးသည့်ပုဂ္ဂိုလ်ကိုဆိုလိုသည်။

(ဇ) ''အစိုးရစာမေးပွဲ''ဆိုသည်မှာ၊ အစိုးရကသတ်မှတ်သောပညာရေးအဆင့်ကုန်ဆုံးသည့်အခါ၊ဤဥပဒေအရဖွဲ့စည်းသော စာစစ်အဖွဲ့ကဖြစ်စေ၊ ယင်းအဖွဲ့က တာဝန်လွှဲအပ်သော အခြားအဖွဲ့ကဖြစ်စေ၊စစ်ဆေးသော စာမေးပွဲကိုသော်ရင်း၊ အစိုးရကအဆိုပါ စာစစ်အဖွဲ့သို့ သီးခြားတာဝန်လွှဲအပ်၍စစ်ဆေးစေသောအခြား စာမေးပွဲကိုသော်ရင်း၊ ဆိုလိုသည်။

(ဈ) ''ကျောင်းသုံးစာအုပ်'' ဆိုသည်မှာ၊ ကျောင်းများနှင့် ဆရာအတတ်သင် ကျောင်းများတွင် အသုံးပြုရန်၊ ဤဥပဒေအရဖွဲ့စည်းသော အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်အဖွဲ့ကထုတ်သည့်၊ သို့မဟုတ် အသိအမှတ်ပြုလျက်ပြဋ္ဌာန်းထားသည့်စာအုပ်ကိုဆိုလိုသည်။

(ည) ''ဆရာအတတ်သင်ကျောင်း'' ဆိုသည်မှာ၊ ပညာရေး တက္ကသိုလ်မှ ပညာရေးဘွဲ့၊ သို့မဟုတ် ဒီပလိုမာဆရာအတတ်သင်တန်း မဟုတ်သည့်၊ အစိုးရက အမြင့်ဆုံးအဖြစ် သတ်မှတ်ပေးသော အတန်းထိ အခြေခံပညာကို၊ သို့မဟုတ် အစိုးရက အခြားသီးသန့်သတ်မှတ်ပေးသည့်ဘာသာရပ်များကို၊သင်ကြားပေးနိုင်ရန် ဆရာအတတ်ကို လေ့ကျင့်သင်ကြားပေးသည့် အစိုးရကဖွင့်ထားသော ကျောင်းကိုဆိုလိုသည်။

(ဋ) ''မသမာသောနည်း'' ဆိုသည်မှာ၊ အစိုးရ စာမေးပွဲ တခုခုဖြေဆိုနေစဉ်အတွင်း၊ သူတဦးသည်၊

(၁) စာအုပ်၊ မှတ်စုနှင့်ပုံနှိပ်ပြီး၊ သို့မဟုတ် ရေးပြီး၊ သို့မဟုတ် အလွတ်စာရွက်များကိုမိမိနှင့် အတူထားရှိခြင်း၊

(၂) အဆိုပါဝတ္ထုပစ္စည်းများကို မိမိလက်လှမ်းမှီရာတွင်ထားရှိခြင်း၊ သို့မဟုတ် လက်လှမ်းမှီအောင် စီစဉ်ထားရှိခြင်း၊

(၃) အဆိုပါဝတ္ထုပစ္စည်းများမှ ကူးယူခြင်း၊

(၄) စာမေးပွဲ ဖြေဆိုသော အခြားသူ တဦးဦးနှင့်သော်၎င်း၊ စာမေးပွဲဖြေဆိုသူမဟုတ်သော ပြင်ပမှ ပုဂ္ဂိုလ်တဦးဦးနှင့်သော်၎င်း၊ တနည်းနည်းဖြင့်ဆက်သွယ်ခြင်း၊

(၅) လူလဲဖြေဆိုခြင်း၊

(၆) စာစစ်ချိန်စေ့သောအခါ မိမိအဖြေလွှာကို သက်ဆိုင်ရာသို့မပေးအပ်ခြင်း၊ သို့မဟုတ်

(၇) စာမေးပွဲ ဖြေဆိုနေစဉ်အတွင်းဖြစ်စေ၊ စာမေးပွဲဖြေဆိုပြီးနောက်ဖြစ်စေ၊အဖြေလွှာကိုတနည်းနည်းဖြင့် လဲလှယ်ခြင်း

ကိုဆိုလိုသည်။

(ဌ) ''ပညာရေးကြီးကြပ်မှုကော်မီတီ'' ဆိုသည်မှာ၊ပညာရေးဌာနက အခါအားလျော်စွာ ချမှတ်ပေးသော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန် ပညာရေးဌာနကပင် ဒေသအလိုက်ဖွဲ့စည်းသော ကော်မီတီကိုဆိုလိုသည်။

## အခန်း ၂။

<u>ရည်မှန်းချက်များ။</u>

၃။ ။အခြေခံပညာရေး၏ အဓိကရည်မှန်းချက်များမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်း အခြေခံပညာကိုကောင်းစွာ တတ်မြောက်ပြီး ကျန်းမာသန့်စွမ်း၍ စာရိတ္တ ကောင်းမွန်သည့် ကာယ ဉာဏလုပ်သား တမျိုးမျိုးဖြစ်လာစေရန်၊

(ခ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သဘောတရားကို သိနားလည်လျက်လိုအပ်သော စိတ်ဓါတ်နှင့်တကွ မြန်မာ့ဆိုရှယ်လစ်လောကကိုတည်ဆောက်ထိန်းသိမ်း သွားနိုင်စွမ်းရှိသည့် အင်္ဂါရပ်များနှင့် ပြည့်စုံသော ပြည်ထောင်စုမြန်မာနိုင်ငံသားများဖြစ်ထွန်းလာစေရန်။

(ဂ) မြန်မာ့ဆိုရှယ်လစ် လောကတည်ဆောက် ထိန်းသိမ်းမှုအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းပညာကို သင့်တော်သော အဆင့်မှ လမ်းပြောင်းသင်ကြားပေးရန်။

(ဃ) ကုန်ထုတ်လုပ်မှုစွမ်းအား တိုး တက် ရေး နှင့် အသက်မွေးဝမ်းကျောင်း ပညာပေးရေးတို့၌အထောက်အကူဖြစ်စေမည့်သိပ္ပံပညာကိုဦးစားပေးရန်။

(င) တက္ကသိုလ်ပညာကို ဆက်လက် သင်ကြားနိုင်ရေးအတွက် ခိုင်မြဲသောပညာအခြေခံတည်ဆောက်ပေးရန်။

## အခန်း ၃။

### ပညာအဆင့်အတန်းနှင့် ကျောင်းအဆင့်အတန်းခွဲခြင်း။

၄။ ။(၁) အခြေခံပညာကို အောက်ပါ အတိုင်း သုံးဆင့်ခွဲ၍ သတ်မှတ်ရမည်။

(က) မူလတန်းအဆင့်၊
(ခ) အလယ်တန်းအဆင့်၊
(ဂ) အထက်တန်းအဆင့်။

(၂) (က) မူလတန်းအဆင့်တွင် သာမန်အားဖြင့်တတန်းလျှင်တနှစ်တာစီသင်ကြားရသည့် သူငယ်တန်းမှ စတုတ္ထတန်းထိ ပေါင်းငါးနှစ်သင်ကြားရမည့် အတန်းများရှိစေရမည်။ ကျောင်းနှစ်အစ ကျောင်းဖွင့်သည့် နေ့ရက်တွင်အသက်ငါးနှစ်ပြည့်သော ကလေးများကို ကျောင်းဝင်ခွင့်ပြုနိုင်သည်။

(ခ) အလယ်တန်းအဆင့်တွင်သာမာန်အားဖြင့်တတန်းလျှင်တနှစ်တာစီသင်ကြားရသည့် ပဉ္စမတန်းမှအဋ္ဌမတန်းထိ ပေါင်းလေးနှစ်သင်ကြားရမည့်အတန်းများရှိစေရမည်။

(ဂ) အထက်တန်းအဆင့်တွင် သာမန်အားဖြင့် တတန်းလျှင်တနှစ်တာစီ သင်ကြားရသည့် နဝမတန်းမှစ၍အခြေခံပညာရေးကုန်ဆုံးပြီဟုအစိုးရကသတ်မှတ်သောအတန်းထိသင်ကြားရမည့် အတန်းများရှိစေရမည်။

(၃) (က) မူလတန်း အဆင့် အတန်းများရှိ ကျောင်းကိုမူလတန်းကျောင်းဟုရှင်း၊

(ခ) မူလတန်းအဆင့်ပါသည့်၊ သို့မဟုတ် မပါသည့်အလယ်တန်းအဆင့် အတန်းများရှိ ကျောင်းကို အလယ်တန်းကျောင်းဟုရှင်း၊

(ဂ) မူလတန်းအဆင့်ပါသည့်၊ သို့မဟုတ် မပါသည့်အလယ်တန်းအဆင့်နှင့် အထက်တန်း အဆင့် အတန်းများရှိ ကျောင်းကိုအထက်တန်း ကျောင်းဟုရင်း ခေါ်တွင်စေရမည်။

## အခန်း ၄။

### အခြေခံပညာရေးကြီးကြပ်မှု။

၅။ ။(၁) အစိုးရသည်၊ မိမိ၏ကိုယ်စား အခြေခံ ပညာသင်ကြားမှုကိုကြီးကြပ်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးကောင်စီကိုဖွဲ့စည်းရမည်။

(၂) အခြေခံ ပညာရေးကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်။

(က) ပညာရေးဌာနတာဝန်ခံ ...., ဥက္ကဋ္ဌ။
(ခ) ပညာညွှန်ကြားရေးဝန် .... ဒုတိယဥက္ကဋ္ဌ။
(ဂ) အတွင်းဝန်၊ ပညာရေးဌာန
(ဃ) ညွှန်ကြားရေးမှူး၊ တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး။
(င) မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီမှကိုယ်စားလှယ်တဦး။
(စ) စက်မှုလက်မှုပညာ ညွှန်ကြားရေးဝန်။ } အဖွဲ့ဝင်များ။
(ဆ) ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်။
(ဇ) အစိုးရခန့်ပုဂ္ဂိုလ်များ
(ဈ) ဒုတိယ ပညာညွှန်ကြားရေးဝန် (အုပ်ချုပ်ရေး) .... အတွင်းရေးမှူး။
(ည) လက်ထောက်ပညာညွှန်ကြားရေးဝန် (အုပ်ချုပ်ရေး) .... တွဲဘက်အတွင်းရေးမှူး။

(၃) အခြေခံ ပညာရေး ကောင်စီ၏ တာဝန် ဝတ်တရား များမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) အောက်ပါကိစ္စအဝဝတွင် အစိုးရ၏ပညာရေးဝါဒနှင့် ကိုက်ညီစေသည့်မူဝါဒချမှတ်ပေးရန်။

(၁) အခြေခံပညာသင်ကြားပေးရေးကိစ္စ။ ထိုကိစ္စကို အသက်မွေး ဝမ်းကျောင်း ပညာရေး၊ တက္ကသိုလ်ပညာရေးတို့နှင့် ဟပ်မိအောင်စီစဉ်ပေးရေးကိစ္စ။

(၂) ဆရာအတတ်သင်ကိစ္စ။

(၃) အလုပ်ခွင်ရှိ ဆရာများ၏ အရည် အချင်း မြှင့်တင်ရေးကိစ္စ။
(၄) ဆရာများ၏ ပညာအရည်အချင်း သတ်မှတ်ရေး၊ မှတ်ပုံတင်ရေးနှင့် ဆရာ့အလုပ် ဂုဏ်သိက္ခာထိန်းသိမ်းစောင့်စည်းပေးရေးကိစ္စ။
(၅) သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာကိစ္စ။
(၆) ကျောင်းသုံးစာအုပ်ကိစ္စ။
(၇) အစိုးရစာမေးပွဲကိစ္စ။
(၈) ကျောင်းစာကြည့်တိုက်နှင့် ပြတိုက်များကိစ္စ။
(၉) အခြေခံ ပညာသင် ကျောင်းများ ဖွင့်ခြင်း ပိတ်ခြင်း၊ အဆင့်အတန်းမြှင့်ခြင်း၊ စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ခြင်း၊ စစ်ဆေးခြင်းကိစ္စ။

(ခ) အခြေခံပညာတရပ်လုံးနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များသည်၊ ချမှတ်ထားသည့်မူဝါဒနှင့် ကိုက်ညီခြင်း ရှိ-မရှိ၊ နိုင်ငံ၏တိုးတက်ရေးကို ထိရောက်စွာအကျိုးပြုမှု ရှိ-မရှိတို့ကို သုံးသပ်စစ်ဆေး ပြုပြင်ပေးရန်၊
(ဂ) အခြေခံပညာရေးနှင့်ဆိုင်သော အစိုးရကလွှဲအပ်သည့် ကိစ္စများကို စဉ်းစားရန်၊ ဝေဖန်ရန်နှင့် သဘောထား တင်ပြရန်။

၆။ ။အခြေခံပညာရေးကောင်စီသည်၊ အထက်ပါတာဝန်ဝတ်ဘရားများကို အောက်ပါအတိုင်းသီးခြားအဖွဲ့များဖွဲ့စည်း၍ဆောင်ရွက်နိုင်စေရမည်။

(က), အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံး စာအုပ်အဖွဲ့။
(ခ) ဆရာအတတ်ပညာကြီးကြပ်ရေးအဖွဲ့။
(ဂ) စာစစ်အဖွဲ့။

၇။ ။(၁) အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်း သုံးစာအုပ်အဖွဲ့တွင်အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်။

(က) ပညာညွှန်ကြားရေးဝန် .... ဥက္ကဋ္ဌ။
(ခ) ဒုတိယပညာညွှန်ကြားရေးဝန်(သင်တန်း) ဒုတိယဥက္ကဋ္ဌ ။
(ဂ) အတွင်းဝန်၊ပညာရေးဌာန
(ဃ) ညွှန်ကြားရေးမှူး၊တက္ကသိုလ်များအုပ်ချုပ်ရေးရုံး။
(င) မြန်မာစာပေပြုစုရေးနှင့်ဘာသာပြန်ကော်မီရှင်ဒုတိယဥက္ကဋ္ဌ။
(စ) တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ စာတည်းမှူး။

(ဆ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ကိုယ်စားလှယ်တဦး။
(ဇ) စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ ကိုယ်စားလှယ်တဦး။
(ဈ) ဒုတိယပညာညွှန်ကြားရေးဝန် (အုပ်ချုပ်ရေး)။
(ည) အစိုးရခန့်ပုဂ္ဂိုလ်များ
} အဖွဲ့ဝင်များ။

(ဋ) လက်ထောက် ပညာ ညွှန်ကြားရေးဝန် (သင်တန်း) .... .... အတွင်းရေးမှူး။

(၂) အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်ကျောင်းသုံးစာအုပ်အဖွဲ့၏ တာဝန်ဝတ္တရားများမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ပုဒ်မ ၅ (၃) (က) အရ၊ အခြေခံပညာရေးကောင်စီက ချမှတ်ပေးသည့် မူဝါဒနှင့်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်၎င်း၊ ညီညွတ်စေလျက်—
(၁) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာရေးဆွဲခြင်း၊ သုံးသပ်ခြင်း၊ ပြုပြင်ခြင်းနှင့်
(၂) ကျောင်းသုံးစာအုပ်များ ရေးသားပြုစု ထုတ်လုပ်ခြင်း

တို့ကိုဆောင်ရွက်ရန်။

(ခ) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာဆိုင်ရာတာဝန်ဝတ္တရားများကိုဆောင်ရွက်ရာတွင်—
(၁) ဘာသာရပ်အလိုက်၊ သို့မဟုတ် ဘာသာရပ်အုပ်စုအလိုက် ဘာသာရပ်အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ရန်။
(၂) တိုင်းအလိုက်၊ သို့မဟုတ် သင့်တော်သလိုနယ်များခွဲ၍ ဒေသန္တရ သင်ရိုးမာတိကာအဖွဲ့များဖွဲ့စည်း ဆောင်ရွက်ရန်။

(ဂ) ကျောင်းသုံးစာအုပ်ရေးသားပြုစုခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကိုဆောင်ရွက်ရာတွင်—
(၁) ကျောင်းသုံးစာအုပ် ရေးသားပြုစုရေး၊ စီစစ်ရေး၊ အသိအမှတ်ပြုရေး စသည်တို့ကိုဆောင်ရွက်ရမည့် အဖွဲ့ငယ်များဖွဲ့စည်းရန်။
(၂) ယင်းအဖွဲ့ငယ်များလိုက်နာရန် ကျင့်စဉ်ကို ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်၍၊ အခြေခံပညာရေးကောင်စီ၏ သဘောတူညီချက်ကို ရှေးဦးစွာရယူပြီးမှ၊ လိုက်နာကျင့်သုံးစေရန်။

(၃) ဆရာအတတ် ပညာကြီးကြပ်ရေးအဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(က) ပညာညွှန်ကြားရေးဝန် .... ဥက္ကဋ္ဌ။
(ခ) ဒုတိယ ပညာ ညွှန် ကြား ရေး ဝန် (သင်တန်း) .... ဒုတိယဥက္ကဋ္ဌ။
(ဂ) အတွင်းဝန်၊ ပညာရေးဌာန
(ဃ) ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်
(င) မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီမှ ကိုယ်စားလှယ်တဦး။
(စ) ပညာရေးတက္ကသိုလ်မှပါမောက္ခတဦး
(ဆ) ဆရာအတတ်သင် ကျောင်းအုပ်များ ကိုယ်စားလှယ် တဦး။
(ဇ) အစိုးရခန့်ပုဂ္ဂိုလ်များ

(ဂ) မှ (ဇ) အထိ — အဖွဲ့ဝင်များ။

(ဈ) လက်ထောက် ပညာညွှန်ကြားရေးဝန် (သင်တန်း) .... .... အတွင်းရေးမှူး။

(၄) ဆရာအတတ် ပညာကြီးကြပ်ရေးအဖွဲ့၏ တာဝန် ဝတ် တရား များမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ပုဒ်မ ၅ (၃) (က) အရ၊ အခြေခံပညာရေးကောင်စီက ချမှတ်ပေးသည့်မူဝါဒနှင့်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်၎င်း၊ ညီညွတ်စေလျက်—
(၁) ဆရာအတတ်သင်ကန်းများအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ ရေးဆွဲပြုပြင်ရေး၊
(၂) ဆရာအတတ်ပညာသင်ကြားပို့ချလေ့ကျင့်ရေး။
(၃) ဆရာအတတ်ပညာဆိုင်ရာ ကျောင်းသုံးစာအုပ်ရေးသား ပြုစုရေး၊ အသိအမှတ် ပြုရေးနှင့် ပြဋ္ဌာန်းရေး၊
(၄) စာမေးပွဲများစစ်ဆေးရေး၊
(၅) အလုပ်ခွင်ရှိဆရာများ၏သင်ကြားမှုစွမ်းရည်တိုးတက်ရေး၊
(၆) ဆရာများ၏ပညာအရည်အချင်း သတ်မှတ်ရေး၊
(၇) ဆရာများမှတ်ပုံတင်ရေးနှင့်
(၈) ဆရာ့အလုပ်ဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်စည်းပေးရေး

ကိစ္စများကိုဆောင်ရွက်ရန်။

(ခ) အပိုဒ် (က) (၁) (၂) (၃) (၄) တို့တွင် ဖော်ပြထားသော တာဝန်ဝတ်တရားများကို အခြေခံပညာ သင်ရိုး

ညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံး စာအုပ်အဖွဲ့နှင့်၎င်း၊ စာစစ်အဖွဲ့နှင့်၎င်း၊ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရန်။ အခြားအဖွဲ့ငယ်များကိုလည်း လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်စေရန်။

(ဂ) ဆရာအတတ်သင်ကျောင်းများ ဖွင့်ရေး၊ ပိတ်ရေး၊ အရည်အချင်းပြည့်ဆရာအတတ်သင်ဆရာများရရှိရေး၊ အရပ်ရပ်ပြည့်စုံရေးတို့နှင့် စပ်လျဉ်း၍၊ အခါအားလျော်စွာ အခြေခံပညာရေးကောင်စီကို အကြံဉာဏ်များပေးရန်။

(ဃ) ဆရာ အတတ်သင်ကျောင်းများတွင် သင်ကြားမှု အဆင့်အတန်းတိုးတက်ရေး၊ ခေတ်မှီရေး၊ သင်ကြားမှု အထောက်အကူပစ္စည်းများ လုံလောက်စွာထားရှိရေး၊ သင်တန်းသားများကိုယ်တိုင် ထိုပစ္စည်းများကို တီထွင်ထုတ်လုပ်နိုင်အောင် သင်ကြားပေးရေး၊ ဆရာအတတ်သင် ဆရာများ သုတေသနပြုလုပ်ရေးတို့ကိုကြီးကြပ်ရန်။

(င) စစ်ဆေးရေးအဖွဲ့ငယ်များဖွဲ့စည်းလျက်၊ ဆရာအတတ်သင်ကျောင်းများကို အခါအားလျော်စွာစစ်ဆေးစေ၍ အကြံဉာဏ်များပေးစေရန်။

(၅) စာစစ်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(က) ပညာညွှန်ကြားရေးဝန် .... ဥက္ကဋ္ဌ။
(ခ) ပညာရေးဌာန ကိုယ်စားလှယ်တဦး
(ဂ) တက္ကသိုလ်များမှ ကိုယ်စားလှယ်လေးဦး။
(ဃ) စက်မှုလက်မှုပညာညွှန်ကြားရေးဝန်
(င) အခြေခံပညာရေးပိုင်းမှ ကိုယ်စားလှယ်လေးဦး။
} အဖွဲ့ဝင်များ။
(စ) အတွင်းရေးမှူး၊ စာစစ်အဖွဲ့ .... အတွင်းရေးမှူး။
(ဆ) အစိုးရခန့် .... တွဲဘက်အတွင်းရေးမှူး။

(၆) စာစစ်အဖွဲ့၏ တာဝန်ဝတ်တရားများမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ပုဒ်မ ၅ (၃) (က) အရ၊ အခြေခံပညာရေးကောင်စီက ချမှတ်ပေးသည့် မူဝါဒနှင့်၎င်း၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့်၎င်း၊ ညီညွတ်စေလျက်၊ အစိုးရစာမေးပွဲများနှင့် အစိုးရကတာဝန်ပေးအပ်သော အခြားစာမေးပွဲများကို စီမံခန့်ခွဲအုပ်ချုပ်ရန်။

(ခ) အစိုးရ စာမေးပွဲများ ကျင်းပ စစ်ဆေးခြင်း တာဝန်ကို ဆောင်ရွက်ရာ၌၊ အခြေခံပညာရေးကောင်စီ၏ သဘောတူညီချက်ကို ရှေးဦးစွာရယူပြီး၊ အဖွဲ့ငယ်များဖွဲ့စည်း၍ဖြစ်စေ၊ ဒေသန္တရစာစစ်အဖွဲ့များ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်တော်သလိုတာဝန်ခွဲ၍ ဆောင်ရွက်စေနိုင်ရန်။

(ဂ) အခြေခံ ပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုး မာတိကာ နှင့် ကျောင်းသုံးစာအုပ်အဖွဲ့နှင့် ညှိနှိုင်း၍၊ အစိုးရစစ် အခြေခံ ပညာ စာမေးပွဲအသီးသီးအတွက်သင်ရိုးညွှန်းတမ်း၊ သင်ရိုး မာတိကာနှင့် စာအုပ်များပြဋ္ဌာန်းရန်။

(ဃ) ပုဒ်မ ၅(၃)(က) အရ၊ အခြေခံ ပညာရေးကောင်စီက ချမှတ်ပေးသည့် မူဝါဒနှင့် ကိုက်ညီစေလျက်၊ အစိုးရစစ် အခြေခံပညာစာမေးပွဲအသီးသီးအတွက် ဝင်ခွင့်စည်းမျဉ်းများ၊ စာမေးပွဲကျင်းပရေးစည်းမျဉ်းများ၊ အောင်-ရှုံးဆုံးဖြတ်ရေး စည်းမျဉ်းများကို ရေးဆွဲ၍၎င်း၊ ပြင်ဆင်၍၎င်း၊ အခြေခံပညာရေးကောင်စီသို့ သဘောတူညီချက်ရရန် တင်ပြရန်။ သဘောတူညီပြီးဖြစ်သော စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရန်။

(င) အခြေခံ ပညာရေးဆိုင်ရာ အစိုးရ စာမေးပွဲ အသီးသီး အတွက်—

(၁) စာမေးပွဲဝင်ကြေး၊ မေးခွန်းထုတ်ခ၊ အဖြေလွှာစစ်ဆေးခနှင့် စာမေးပွဲကြီးကြပ်ခများသတ်မှတ်ရန်။

(၂) အောင်စာရင်းပြုလုပ်ခြင်း၊ ထုတ်ပြန်ခြင်း၊ အောင်လက်မှတ်ပုံစံ သတ်မှတ်ခြင်း၊ အောင်လက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရန်။

(၃) ရ-သုံးငွေများကိုအစိုးရသတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ပေးသွင်းသုံးစွဲ၍ စာရင်းများထားရှိရန်။

(စ) စာစစ်အဖွဲ့သည် အစိုးရစာမေးပွဲတခုခုတွင်—

(၁) မသမာသောနည်းဖြင့်ဖြေဆိုသူကို အစိုးရစစ်စာမေးပွဲများမှ နှစ်ကာလအပိုင်းအခြားသတ်မှတ်၍ ပယ်နိုင်သည်။

(၂) မသမာမှုပြုနေသည်ကို လစ်လျူရှုသည့်၊ သို့မဟုတ် တနည်းနည်းဖြင့် မသမာမှုကိုအားပေးသည့် စာမေးပွဲ ကြီးကြပ်သူတဦးအား၊ ဌာနခွဲအလိုက် အရေးယူရန် သက်ဆိုင်ရာဌာနခွဲအကြီးအကဲထံ တိုင်ကြားရမည်။

၇။ ။အခန်း ၄ တွင်ဖော်ပြထားသော အခြေခံပညာရေးကောင်စီနှင့် လက်အောက်ခံအဖွဲ့များပါ ရာထူးအရမဟုတ်သည့် အဖွဲ့ဝင်များ၏ သက်တမ်းသည်သုံးနှစ်ဖြစ်စေရမည်။

## အခန်း ၅။

### အစိုးရစာမေးပွဲများ။

၉။ ။အစိုးရသည်၊ အခြေခံပညာရေးကောင်စီ၏ထောက်ခံချက်ဖြင့် အခြေခံပညာရေးဆိုင်ရာ အစိုးရစာမေးပွဲများကို သတ်မှတ်နိုင်သည်။

## အခန်း ၆။

### အခြေခံ ပညာရေး စီမံခန့်ခွဲအုပ်ချုပ်မှု။

၁၀။ ။ပညာရေးဌာနသည်၊ အခြေခံပညာရေးကောင်စီနှင့် လက်အောက်ခံအဖွဲ့များ၏ အကူအညီဖြင့် အခြေခံပညာရေးစီမံခန့်ခွဲအုပ်ချုပ်မှုကို ပညာညွှန်ကြားရေးဝန်၊ ပညာရေးအရာရှိများ၊ သက်ဆိုင်ရာပညာရေးကြီးကြပ်မှု ကော်မီတီများနှင့် အခါအားလျော်စွာသင့်တော်သလို ဆောင်ရွက်သွားရမည်။

၁၁။ ။အစိုးရသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှါ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ ညွှန်ကြားချက်၊သို့မဟုတ် အမိန့်ထုတ်ပြန်ခြင်းပြုနိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်။
(၁၉၆၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်။)

အမိန့်အရ၊
ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌရုံး။